# ကြံသီးနှံအထွက်တိုးစေရန်သတိပြုလိုက်နာဆောင်ရွက်ရန်အချက်များ





၁။ လမိုင်းပြုပြင်ရန်အတွက်ပိုးမွှား၊ရောဂါကင်းစင်သော၊အထွက်ကောင်းမျိုးစိုက်ပျိုးထားသည့် ခင်းသစ်ကိုရွေးချယ်ပါ ။ တစ်ပတ်ထက်မကျော်လွန်ဘဲ အပြီးခုတ်သိမ်းပါ။

၂။ ခုတ်သိမ်းရာတွင်အခြေကျကျခုတ်သိမ်းပြီးပေါက်ပြားထက်ထက်ဖြင့် မြေအောက်၂လက်မခန့်နှုက်ပြီးငုတ်ဖြတ်ပေးပါ ။

၃။ လမိုင်းပြုပြင်ရာတွင်ထွန်စက်ဖြင့်ထွန်(၂)စပ်၊ကြမ်း(၁)စပ်ဝင် ပါ (သို့မဟုတ်) နွားထယ်ဖြင့် ဘယ်ညာတစ်ဖက်စီ အသွားအပြန်ဘောင်ဖြိုပေးပါ။

၄။ ငုတ်ဖြတ်၊ဘောင်ဖြို၊သွင်းရေပေးသွင်းပြီး မြေအောင်းပိုးသတ်ဆေး၊သဘာဝမြေဩဇာနှင့် ဓါတ်မြေဩဇာများအချိုးကျ ထည့်သွင်းပေးပါ။

၅။ ပေါင်းကာကွယ်ရန်၊အစိုဓါတ်ထိန်းရန်၊ မြေဆွေးရရှိရန် အတွက် ကြံရွက်ခြောက်များကိုပင်ကြား၊ တန်းကြားအတွင်း ညီညာစွာဖြန့်ခင်းပေးပါ။







၆။ လမိုင်းပြုပြင်ပြီး(၁)လခန့်အကြာ ပင်သေပင်ပျောက်နေရာများတွင် အပင်ဖာထေးစိုက်ပျိုးပါ။ ပေါင်းမြက်နှိမ်နင်းခြင်းအား (၄)လအတွင်းဆောင်ရွက်ပါ။

၇။ အပင်သက်တမ်း (၉၀-၁၂၀)ရက်အတွင်း အစိုဓါတ်လုံလောက်အောင် ရေပေးသွင်း၍ဓါတ်မြေဩဇာကို(၂-၃)ကြိမ်ခွဲထည့်ပြီးဘောင်လုံး ပေးပါ။ မိုးဦးကျကာလတွင် ဘောင်ကြီးလုံးခြင်းကိုမဖြစ်မနေဆောင်ရွက်ပေးပါ။

၈။ လမိုင်းခင်းတွင် ကြံမှိုနံ့ရောဂါကျရောက်တတ်သဖြင့် ရောဂါကျကြံမှိုချောင်းပါကြံတစ်ပင်လုံး တူးထုတ်မီးရှို့ပစ်ပါ။ ကြံပင်ထိုးပိုးများကျရောက်ပါကဒိုင်မီသိုရိတ်ဆေးရည်ဟင်းစားဇွန်း(၃-၅)ဇွန်းကိုရေ(၄) ဂါလံနှုန်းဖျော်ပြီး(၃)ပတ်ခြား(၁)ကြိမ်ပက်ဖျန်း ပါ ။

၉။ အလေအလွင့်မရှိစေရန်ကြံပင်ခြေမြေကြီးနှင့်ကပ်၍ခုတ်သိမ်းပါ ။ကောက်သင်းကောက်ခြင်းကိုမဖြစ်မနေဆောင်ရွက်ပါ။

၁၀။ ကြံလမိုင်းစနစ်တကျပြုပြင်ပြီးအပင်ပြုစုမှုကောင်းပါ ကလမိုင်းသည်ခင်းသစ်အတိုင်းအထွက်နှုန်းကောင်းနိုင်ပါသည်။

စိုက်ပျိုးရေးဆိုင်ရာနည်းပညာများနှင့်ပတ်သက်၍ သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) **Call Center** ဖုန်းနံပါတ်- ၀၆၇- ၄၁၀၁၃၉၊ ၀၁-၂၃၉၉၅၅၅ နှင့် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးရုံးများတွင် ဆက်သွယ် မေးမြန်းနိုင်ပါသည်။